Message Five

# ယောဘ၌ ဘုရားသခင်၏ရည်ရွယ်ချက် - ကောင်းသောလူသည် ဘုရား-လူဖြစ်လာခြင်း

ဖတ်ရန်ကျမ်း။ ။ ယောဘ၊ ၁း၁၊ ၈။ ၂း၃၊ ၉။ ၂၇း၅။ ၃၁း၆။ ၄၂း၅-၆။ ယော၊ ၁း၁၄။ ရော၊ ၁း၃-၄။ ၈း၂၉

**I. ယောဘသည် ကောင်းသောလူတစ်ဦးဖြစ်ကာ၊ မိမိကိုယ်ကို စုံလင်ခြင်း၊ ဖြောင့်မှန်ခြင်းနှင့် တည်ကြည်ခြင်း၌ ထင်ရှား ပြသခဲ့သည် - ယောဘ၊ ၂၇း၅။ ၃၁း၆။ ၃၂း၁။**

A. စုံလင်မှုရှိခြင်းမှာ အတွင်းလူနှင့်ဆက်နွှယ်နေပြီး၊ ဖြောင့်မှန်ခြင်းသည် အပြင်လူနှင့် ဆက်နွှယ်နေသည် - ၁း၁။

B. ယောဘသည် တည်ကြည်ခြင်းရှိသောလူတစ်ဦးဖြစ်သည်။ တည်ကြည်ခြင်းသည် စုံလင်ခြင်းနှင့် ဖြောင့်မှန်ခြင်း၏ စုစုပေါင်းရလဒ်ဖြစ်သည် - ၂း၃၊ ၉။ ၂၇း၅။ ၃၁း၆။

1. ယောဘနှင့်စပ်လျဉ်း၍ တည်ကြည်ခြင်းမှာ သူဖြစ်သည့်အရာကို ထင်ရှားခြင်းရလဒ်ဖြစ်သည်။
2. အကျင့်စာရိတ္တ၌ ယောဘသည် စုံလင်ကာ ဖြောင့်မှန်ခြင်းရှိခဲ့သည်၊ သူ၏ကိုယ်ကျင့်တရား၌ သူသည် မြင့်မားသည့် တည်ကြည်ခြင်းစံနှုန်းရှိသည်။

C. ယောဘသည် အပြုသဘောဘက်၌ ဘုရားသခင်ကို ကြောက်ရွံ့ကာ၊ အနုတ်လက္ခဏာဘက်၌ မကောင်းမှုမှ ရှောင်ကြဉ်ခြင်းရှိခဲ့သည် - ၁း၁။

1. ဘုရားသခင်သည် လူကို ဖန်ဆင်းခြင်းမှာ ကိုယ်တော်ကို ကြောက်ရွံ့ရန်နှင့် မည်သည့်အမှားကိုမျှ မပြုရုံသက်သက်အတွက် ဖန်ဆင်းခဲ့ခြင်းမဟုတ်ပါ။ ထိုအစား ဘုရားသခင်သည် လူကို ကိုယ်တော်တိုင်၏ ပုံသဏ္ဌာန်တော်အတိုင်း၊ ကိုယ်တော်နှင့်တစ်ညီတည်း ဖန်ဆင်းခဲ့ခြင်းမှာ လူသည် ဘုရားသခင်ကို ထင်ရှားစေရန်အတွက် ဖြစ်သည် - က၊ ၁း၂၆။
2. ဘုရားသခင်ကို ထင်ရှားခြင်းမှာ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် မကောင်းမှုမှ ရှောင်ရှားခြင်းထက် ပို၍ မြင့်မားသည်။
3. ယောဘက သူ၏စုံလင်ခြင်း၊ ဖြောင့်မှန်ခြင်းနှင့် တည်ကြည်ခြင်းတွင် ရရှိခဲ့သည့်အရာမှာ လုံးလုံး အချည်းနှီးသက်သက်ဖြစ်သည်။ ၎င်းသည် ဘုရားသခင်၏အကြံအစည်တော်ကို ပြည့်စုံစေခြင်း မရှိသလို၊ ကိုယ်တော်၏ အလိုတော်ကိုလည်း ကျေနပ်စေခြင်း မရှိပါ၊ သို့ဖြစ်၍ ကိုယ်တော်သည် ယောဘအတွက် ချစ်မြတ်နိုးစွာ ဂရုစိုက်ပေးခဲ့သည် - ယောဘ၊ ၁း၆-၈။ ၂း၁-၃။

D. ဘုရားသခင်သာလျှင် ယောဘ၌ လိုအပ်ချက်ရှိကြောင်း - သူ့အတွင်း၌ ဘုရားသခင်ကို မရရှိထားကြောင်း သိတော်မူသည်။ ထို့ကြောင့် ဘုရားသခင်သည် ယောဘအား ကိုယ်တော်ကို ရရှိကာ၊ ကိုယ်တော်၏အကြံအစည်တော် ပြီးပြည့်စုံခြင်းအတွက် ကိုယ်တော်ကို ထင်ရှားစေခြင်းငှာ အလိုတော်ရှိသည် - ၄၂း၅-၆။

**II. ဘုရားသခင်၏ရည်ရွယ်ချက်မှာ ယောဘသည် ဘုရား-လူဖြစ်လာကာ၊ ကိုယ်တော်၏ဂုဏ်အင်လက္ခဏာများ၌ ဘုရားသခင်ကို ထင်ရှားစေရန် ဖြစ်သည် - ၂၂း၂၄-၂၅။ ၃၈း၁-၃။**

A. ဘုရားသခင်သည် ယောဘကို အခြားသောနယ်ပယ်၊ ဘုရားသခင်၏နယ်ပယ်အထဲသို့ ပို့ဆောင်ခဲ့သည်၊ ထိုသို့ဖြင့် ယောဘသည် သူ၏စုံလင်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့် တည်ကြည်ခြင်း၌ ရရှိခဲ့ခြင်းများအစား ဘုရားသခင်ကို ရရှိနိုင်မည်ဖြစ်သည် - ၄၂း၅-၆။

B. ဘုရားသခင်၏ရည်ရွယ်ချက်မှာ ယောဘအား ဘုရားသခင်၏လူဖြစ်စေရန်၊ ဘုရားသခင်၏ကိုယ်ထင်ရှားခြင်းဖြစ်သည့် ခရစ်တော်ဖြင့် ဖြည့်ခြင်းခံစေရန်၊ ခရစ်တော်၌ ဘုရားသခင်၏ထင်ရှားခြင်းအတွက် ဘုရားသခင်၏ ပြည့်ဝပြည့်စုံခြင်း ဖြစ်လာရန် ဖြစ်သည် - ၁တိ၊ ၆း၁၁။ ၂တိ၊ ၃း၁၇။

C. ဘုရားသခင်၏ ချွတ်ခြာပေးခြင်းနှင့် လောင်ကျွမ်းစေခြင်းတို့မှာ ယောဘကို ဖြိုချခြင်းငှာ သူ့အပေါ် လုပ်ဆောင်ခဲ့ပြီး၊ ထိုသို့ဖြင့် ဘုရားသခင်သည် မိမိကိုယ်တော်တိုင်ဖြင့် သူ့ကို ပြန်လည်တည်ဆောက်ရန် အခြေနှင့် နည်းလမ်းကို ရရှိမည်ဖြစ်သည်၊ သို့မှသာ သူသည် ဘုရား-လူဖြစ်လာကာ၊ ဘုရားသခင်ကို ထင်ရှားခြင်းအလို့ငှာ ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ အသက်နှင့်သဘောသဘာဝ၌ ဘုရားသခင်နှင့် တူညီလာမည်ဖြစ်သည် - ဧ၊၃း၁၆-၂၁။

D. ဘုရားသခင်သည် ခရစ်တော်၌ ယုံကြည်သူများဖြစ်သည့် ကျွန်ုပ်တို့အား ကောင်းသောလူဖြစ်စေရန် အလိုမရှိပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ဘုရား-လူဖြစ်စေရန် အလိုရှိသည် - ယော၊၁း၁၂-၁၃။ ရော၊၈း၁၆။

1. ဘုရားသခင်သည် မိမိပုံသဏ္ဌာန်တော်၌ ကျွန်ုပ်တို့ကို ဖန်ဆင်းခဲ့ခြင်းမှာ ဘုရားသခင်ကို ထင်ရှားရန်စေရန်နှင့် ကိုယ်တော်ကို ကိုယ်စားပြုခြင်းငှာ အုပ်စိုးခြင်းရှိရန် ရည်ရွယ်ချက်အတွက်ဖြစ်သည် - က၊၁း၂၆-၂၈။
2. ကျွန်ုပ်တို့သည် ကောင်းသောလူမျှသာဖြစ်လျှင် ဘုရားသခင်ကို ထင်ရှားခြင်း မရှိနိုင်သလို၊ ကိုယ်တော်ကို ကိုယ်စားပြုခြင်းလည်း မရှိနိုင်ပါ။
3. ဘုရားသခင်ကို ထင်ရှားစေသော၊ ဘုရားသခင်ကို ကိုယ်စားပြုသောသူမှာ ကောင်းသောလူမဟုတ်ဘဲ၊ ဘုရား-လူဖြစ်သည် - ၂ကော၊၃း၁၈။
4. ဘုရားသခင်ကို ထင်ရှားစေသော ဘုရားလူများမှာ ဘုရားသခင်၏ကိုယ်စားပြုသူများဖြစ်ကာ၊ အရာခပ်သိမ်းအပေါ် ဘုရားသခင်၏အခွင့်အာဏာကို ရရှိထားကြသည် - က၊၁း၂၇-၂၈။

## III. သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းနှင့် ထင်ရှားဖော်ပြခြင်းဖြစ်သည့် ခရစ်တော်၏ လူ့ဇာတိခံခြင်းသည် ဘုရား-လူကို ထုတ်လုပ်ပေးသည် - လု၊၁း၃၁-၃၂က။ ယော၊၁း၁၊ ၁၄၊ ၁၈၊ ၅၁။

A. လုကာဧဝံဂေလိစာစောင်သည် လူသားအသက်တာတွင် ဘုရားဆိုင်ရာအသက်ကို ပါဝင်သောအရာအဖြစ် ဖြည့်ခြင်းခံသည့်အသက်တာကို အသက်ရှင်ခဲ့သည့် ဘုရား-လူ၏ ဖွင့်ပြခြင်းဖြစ်သည် - ၁း၃၅။ ၂း၇-၁၆၊ ၃၄-၃၅၊ ၄၀၊ ၄၉၊ ၅၂။

B. ခရစ်တော်၌ ဘုရားသခင်နှင့်လူသည် ထုံးဖွဲ့မှုတစ်ခုဖြစ်သည့် ဘုရား-လူဖြစ်လာသည် - ၁း၃၅။ ယော၊၁း၁၄။ မ၊ ၁း၁၈၊ ၂၀-၂၃။

1. သခင်ယေရှုသည် ဘုရားဆိုင်ရာအနှစ်သာရဖြင့် ပဋိသန္ဓေယူပြီး၊ လူသားအနှစ်သာရဖြင့် မွေးဖွားခဲ့သောကြောင့် ကိုယ်တော်သည် ဘုရား-လူအဖြစ် မွေးဖွားခဲ့သည်။ ထို့ကြောင့် ကိုယ်တော်၏ ဘုရား-လူဖြစ်ခြင်းအတွက် ကိုယ်တော်၌ အနှစ်သာရနှစ်ခု - ဘုရားဆိုင်ရာအနှစ်သာရနှင့် လူသားအနှစ်သာရ တို့ရှိသည် - အငယ်၊၁၈။
2. လူသားအပျိုကညာ၌ သန့်ရှင်းသောဝိညာဉ်တော်၏ ပဋိသန္ဓေတည်ခြင်းသည် ဘုရားဆိုင်ရာသဘောသဘာဝနှင့် လူသားသဘောသဘာဝကို စေ့စပ်ထုံးဖွဲ့ထားကာ၊ ပြည့်စုံသောဘုရားသခင်နှင့် စုံလင်သောလူသား နှစ်ခုလုံးဖြစ်သည့်အရှင် ဘုရား-လူကို ထုတ်လုပ်ပေးသည် - လု၊၁း၃၅။
3. စုံလင်သောလူနှင့် ပြည့်စုံသောဘုရားသခင်အဖြစ် ဘုရား-လူသည် ဘုရားဆိုင်ရာဂုဏ်အင်လက္ခဏာများနှင့်အတူ ဘုရားသခင်ကို ထည့်ဝင်ရန်နှင့် ကိုယ်တော်ကို ထင်ရှားရန် လူသားကောင်းမြတ်ခြင်းများဖြင့် လူသားသဘောသဘာဝရှိသည်။

C. ဘုရား-လူအဖြစ် မြေကြီးပေါ် အသက်ရှင်ခဲ့သည့် သခင်ယေရှုသည် သူ၏လူသားအသက်ဖြင့် အသက်မရှင်ဘဲ၊ ဘုရားဆိုင်ရာအသက်အားဖြင့် အသက်ရှင်ခဲ့သည် - ယော၊၅း၁၈-၁၉၊ ၂၀။ ၆း၅၇က။

1. သခင်ယေရှုသည် မြေကြီးပေါ် ရှိစဉ်အခါ သူသည် လူတစ်ဦးဖြစ်သော်လည်း၊ ဘုရားသခင်အားဖြင့် အသက်ရှင်ခဲ့သည် - အငယ်၊၅၇က။ ၅း၁၉၊ ၃၀။ ၆း၃၈။ ၈း၂၈။ ၇း၁၆-၁၈။
   a. သခင်ယေရှုသည် ဘုရားသခင်ကို အသက်ရှင်ကာ အရာခပ်သိမ်း၌ ဘုရားသခင်ကို ထင်ရှားခဲ့သည်။ ကိုယ်တော်ပြုသမျှသည် ကိုယ်တော်အတွင်းမှ ကိုယ်တော်မှတစ်ဆင့် ဘုရားသခင်၏ပြုမှုလုပ်ဆောင်ခြင်းဖြစ်သည် - ၁၄း၁၀။

b. သခင်ယေရှုသည် လူ၏အသက်အားဖြင့်မဟုတ်ဘဲ ဘုရားသခင်၏အသက်အားဖြင့် ဘုရား-လူအဖြစ် အသက်ရှင်ခဲ့သည် - ၆း၅၇က။

c. ကိုယ်တော်၏လူသားအသက်ရှင်ခြင်းသည် လူသားအသက်ဖြင့် အသက်မရှင်ဘဲ ဘုရားဆိုင်ရာအသက်အားဖြင့် အသက်ရှင်ထွက်ခြင်းဖြစ်သည် - ၁း၄။ ၁၁း၂၅။ ၁၄း၆။

2. သခင်ယေရှုသည် မိမိ၏ လူသားအသက်တာကို ငြင်းပယ်ခြင်းအားဖြင့် - ကားတိုင်အောက်တွင် မိမိကိုယ်ကို အမြဲ ထားရှိခြင်းအားဖြင့် အသက်ရှင်ခဲ့သည်၊ သို့ဖြစ်၍ သူ၏လူသားအသက်ရှင်ခြင်းသည် လူသားဇာတိကို မထင်ရှားစေဘဲ၊ ဘုရားဂုဏ်အင်လက္ခဏာများမှာ လူသားကောင်းမြတ်ခြင်းများဖြစ်လာသည့် ဘုရားဇာတိကို ထင်ရှားစေခဲ့သည် - မ၊၁၅း၂၁၊ ၂၄။

3. မြေကြီးပေါ် ကိုယ်တော်၏နေ့ရက်များတစ်လျှောက်လုံး ကိုယ်တော်သည် မိမိကိုယ်ကို ငြင်းပယ်ကာ၊ ကားတိုင်ကို ယူဆောင်ခဲ့သည်၊ ထိုသို့ဖြင့် လူသားကောင်းမြတ်ခြင်းများဖြစ်လာသည့် ဘုရားဆိုင်ရာ ဂုဏ်အင်လက္ခဏာများ၌ ဘုရားသခင်ကို ထင်ရှားရန် ဘုရားသခင်ကို အသက်ရှင်နိုင်ခဲ့သည်။ ဤသည်မှာ စံနမူနာအဖြစ် ပထမဆုံးသော ဘုရား-လူ၏အသက်တာဖြစ်သည်-လု၊၁း၃၁-၃၂က။ ၇း၁၁-၁၆။ ၁၀း၂၅-၃၇။ ၁၃း၁၀-၁၆။ ရော၊၈း၃၊ ၂၉။

**IV. အစကနဦး၌ သမ္မာကျမ်းစာက ဘုရား-လူအကြောင်း ပြောထားသည်။ ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ဤဘုရား-လူသည် များစွာသော ဘုရား-လူများအဖြစ် ပွားများလာခဲ့သည် - ရော၊၁း၃-၄။ ၈း၂၉။ ဟေဗြဲ၊၂း၁၀။**

A. ပထမဆုံးသောဘုရား-လူဖြစ်သည့် သခင်ယေရှုသည် ကိုယ်တော်၏ပုံတူပွားများခြင်းဖြစ်သည့် များစွာသော ဘုရား-လူများကို ထုတ်လုပ်ခြင်းအတွက် ရှေ့ပြေးပုံစံဖြစ်သည် - ၁ပေ၊၂း၂၁။

B. ဘုရားသခင်သည် မိမိကိုယ်တော်တိုင်ကို မြောက်များစွာ ပုံတူပွားများကာ၊ အသစ်သောအမျိုးအစားကို ထုတ်လုပ်ရန် လူဖြစ်လာခဲ့သည်။ ဤအသစ်သောအမျိုးအစားမှာ ဘုရား-လူအမျိုးအစားဖြစ်သည် - ရော၊၈း၃၊ ၂၉။ ဟေဗြဲ၊၂း၁၀။

C. ဘုရား-လူဖြစ်သည့် သခင်ယေရှုသည် ဂျုံစပါးမျိုးစေ့ဖြစ်ကာ၊ မြေကြီးထဲသို့ကျ၍ ကိုယ်တော်၏ပုံတူပွားများခြင်းအဖြစ် များစွသော မျိုးစေ့များကို ထုတ်လုပ်ခဲ့သည် - ယော၊၁၂း၂၄။

1. ပထမဆုံးမျိုးစေ့ - ပထမဆုံးဘုရား-လူ- သည် ရှေ့ပြေးပုံစံဖြစ်ပြီး၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ဤမျိုးစေ့တစ်စေ့အားဖြင့် ထုတ်လုပ်သော များစွာသော မျိုးစေ့များ - များစွာသော ဘုရား-လူများ - သည် ပထမဆုံးသော ဘုရား-လူ၏ ပုံတူပွားများခြင်း ဖြစ်သည်။

2. များစွာသော မျိုးစေ့များအဖြစ် များစွာသော ဘုရား-လူများသည် ဘုရားသခင်၏ ပုံတူပွားများခြင်းဖြစ်သည်။ ထိုသို့သော ပုံတူပွားများခြင်းသည် ဘုရားသခင်ကို ပျော်ရွှင်စေသည်၊ အကြောင်းမှာ ကိုယ်တော်၏ပုံတူမူပွားများသည် ကိုယ်တော်ကဲ့သို့ တူကြပြီး၊ ကိုယ်တော်ကဲ့သို့ စကားပြောကာ၊ ကိုယ်တော်ကဲ့သို့ အသက်ရှင်သောကြောင့် ဖြစ်သည် - ၁ယော၊ ၂း၆။ ၃း၂။ ၄း၁၇ခ။

D. ဘုရား-လူ၏ပုံတူပွားများခြင်း ပထမအဆင့်မှာ ကျွန်ုပ်တို့သည် ဝိညာဉ်၌ ရှုမြင်တစ်ခရစ်တော်ဖြင့် ကိုယ်တော်၏ ဘုရားဆိုင်ရာအသက်နှင့် သဘောသဘာဝနှင့်အတူ ပြန်လည်မွေးဖွားခြင်း ရှိရမည်ဖြစ်သည် - ယော၊၃း၃၊ ၆။

E. ဘုရား-လူကို ပုံတူပွားများခြင်းအတွက် ကျွန်ုပ်တို့သည် စိတ်၌ ရှုမြင်တစ်ခရစ်တော်ဖြင့် ကိုယ်တော်၏ဘုရားဆိုင်ရာဂုဏ်အင်လက္ခဏာများနှင့်အတူ ပုံသဏ္ဌာန်ပြောင်းလဲကာ၊ ကျွန်ုပ်တို့၏လူသားဇာတိ၌ ကိုယ်တော်၏ထင်ရှားခြင်းအတွက် ကျွန်ုပ်တို့လူသားကောင်းမြတ်ခြင်းများကို မြှင့်တင်ခြင်း၊ ခွန်အားပေးခြင်း၊ ကြွယ်ဝစေခြင်းနှင့် ဖြည့်စေခြင်း ရှိရန် လိုအပ်သည် - ၂ကော၊၃း၁၇-၁၈။ ရော၊၁၂း၂။

F. ကျွန်ုပ်တို့သည် ဘုရား-လူများဖြစ်ကြောင်း၊ ဘုရားသခင်၏မွေးဖွားခြင်း၊ ဘုရားသခင်၏အသက်နှင့်သဘောသဘာဝကို ပိုင်ဆိုင်ခြင်း၊ ဘုရားသခင်၏မျိုးစိတ်များနှင့်သက်ဆိုင်ခြင်း ရှိကြောင်းကို မြင်ရန် လိုအပ်သည် - ယော၊၁း၁၂-၁၃။

1. ဘုရားအသက်ဖြင့် ဘုရားသခင်၏မွေးဖွားခြင်းခံရသော ဘုရားသခင်၏သားသမီးများအဖြစ် ကျွန်ုပ်တို့သည် ဘုရား-လူများ၊ ဘုရားဆိုင်ရာပုဂ္ဂိုလ်များဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကို မွေးဖွားသောအရှင်နှင့် တူညီကြသည် - ၁ယော၊၃း၁။ ၅း၁။
2. ကျွန်ုပ်တို့သည် ဘုရားသခင်၏မွေးဖွားခြင်းခံရသောကြောင့် ကျွန်ုပ်တို့သည် ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ် ဘဲ အသက်နှင့်သဘောသဘာဝ၌ ဘုရားသခင်ဖြစ်ကြသည်ဟု ပြောနိုင်ပေသည် - ယော၊၁း၁၂-၁၃။ ရော၊၈း၁၆။ ၂ပေ၊၁း၄။
3. ကျွန်ုပ်တို့ကိုယ်ကို ဘုရား-လူများအဖြစ် စဉ်းစားခြင်းနှင့် ကျွန်ုပ်တို့မည်သူဖြစ်ကြောင်း သိခြင်းနှင့် နားလည်သိမှတ်ခြင်းက ကျွန်ုပ်တို့၏နေ့စဉ် အတွေ့အကြုံကို လုံးလုံး ပြောင်းလဲသွားစေသည်- ၁ယော၊၂း၂၀။၃း၁-၂။၅း၁၃၊၂၀။
4. ကျွန်ုပ်တို့သည် ခရစ်ယာန်များ သို့မဟုတ် ခရစ်တော်၌ ယုံကြည်သူများသက်သက်မျှသာ မဟုတ်ပါ။ ကျွန်ုပ်တို့သည် ဘုရား-လူများ၊ ဘုရား-လူအမျိုးအစား၊ ဘုရားသခင်၏ပုံတူပွားများခြင်း ဖြစ်ကြသည် - ယော၊၁၂း၂၄။ ရော၊၈း၁၆၊ ၂၉။ ဟေဗြဲ၊၂း၁၀-၁၁။

## V. ခရစ်တော်၏ ဘုရား-လူအသက်ရှင်ခြင်းသည် ကိုယ်တော်ကို ရှေ့ပြေးပုံစံအဖြစ် စေ့စပ်ထုံးဖွဲ့ပေးသည်၊ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့၌ ပုံတူပွားခြင်းရှိကာ၊ ဘုရား-လူများဖြစ်သည့် ကျွန်ုပ်တို့၌ တစ်ဖန် အသက်ရှင်နိုင်မည်ဖြစ်သည် - ယော၊၁၄း၁၉။ ဂလ၊၂း၂၀။

A. ဘုရား-လူ၏ပုံတူပွားများခြင်းအဖြစ် ကျွန်ုပ်တို့သည် ဘုရား-လူအသက်တာကို အသက်ရှင်ရန် လိုအပ်သည် - ဖိ၊ ၁း၁၉-၂၁က။ ၃း၁၀။

B. ခရစ်တော်၏လူသားအသက်ရှင်ခြင်းမှာ လူသည် လူသားကောင်းမြတ်ခြင်းများ၌ ဘုရားသခင်၏ ဂုဏ်အင်လက္ခဏာများကို ထင်ရှားရန် ဘုရားသခင်ကို အသက်ရှင်ခြင်းဖြစ်သည်။ ကိုယ်တော်၏လူသားကောင်းမြတ်ခြင်းများမှာ ဘုရားဆိုင်ရာ ဂုဏ်အင်လက္ခဏာများဖြင့် ဖြည့်ခြင်း၊ ရောနှောပေါင်းစည်းခြင်း၊ ပျော်ဝင်ပြည့်ဝခြင်း ရှိခဲ့သည် - လု၊၁း၂၆-၃၅။ ၇း၁၁-၁၇။ ၁၀း၂၅-၃၇။ ၁၉း၁-၁၀။

C. ပထမဆုံး ဘုရား-လူ၏ ကျယ်ပြန့်ခြင်း၊ တိုးပွားခြင်း၊ ပုံတူပွားများခြင်းနှင့် ဆက်လက်ဖြစ်ပွားခြင်းအဖြစ် ကျွန်ုပ်တို့သည် ကိုယ်တော်အသက်ရှင်ခဲ့သည့် တူညီသော အသက်တာမျိုးကို အသက်ရှင်သင့်ပေသည် - ၁ယော၊၂း၆။

1. သခင်ဘုရား၏ ဘုရား-လူအသက်ရှင်ခြင်းသည် ကျွန်ုပ်တို့၏ဘုရား-လူအသက်ရှင်ခြင်းအတွက် စံပုံစံကို ချမှတ်ပေးထားသည် - ယင်းမှာ လူသားဇာတိ၌ ဘုရားသခင်ထင်ရှားခြင်းရှိရန် ကားတိုင်ပေါ်အသေခံခြင်းကို အသက်ရှင်ခြင်း ဖြစ်သည် - ဂလ၊၂း၂၀။
2. ကျွန်ုပ်တို့သည် မိမိကိုယ်ကို ငြင်းပယ်ရမည်၊ ခရစ်တော်၏အသေခံခြင်းသို့ သဏ္ဌာန်တူရမည်၊ ကိုယ်တော့်ဝိညာဉ်တော်၏ ကြွယ်ဝစွာသော မစမှုအားဖြင့် ကိုယ်တော်ကို ကြီးမားထင်ရှားစေရန်ဖြစ်သည် - မ၊၁၆း၂၄။ ဖိ၊၃း၁၀။ ၁း၁၉-၂၁က။
3. ကျွန်ုပ်တို့သည် မိမိကိုယ်ကို ပြုစုပျိုးထောင်ခြင်းအား ငြင်းပယ်ရမည်၊ ဇာတိလူကို တည်ဆောက်ခြင်းအား အပြစ်စီရင်ရမည်ဖြစ်သည်။ ခရစ်ယာန်ကောင်းမြတ်ခြင်းများသည် ဘုရားဆိုင်ရာအသက်၊ဘုရားဆိုင်ရာသဘောသဘာဝ၊ ဘုရားသခင်ကိုယ်တော်တိုင်နှင့် အနှစ်သာရဆိုင်ရာ ဆက်နွှယ်နေကြောင်း ကျွန်ုပ်သိမှတ်နားလည်ရန် လိုအပ်သည် - ဂလ၊၅း၂၂-၂၃။
4. ဘုရား-လူအသက်တာကို အသက်ရှင်ခဲ့သောအရှင်သည် ယခုတွင် ကျွန်ုပ်တို့၌ ကျွန်ုပ်တို့မှတစ်ဆင့် အသက်ရှင်သည့် ဝိညာဉ်တော်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအရှင်မှလွဲ၍ ကျွန်ုပ်တို့ကို ဖြည့်ရန်၊ ကျွန်ုပ်တို့ကို သိမ်းပိုက်လွှမ်းမိုးစေရန် မည်သည့်အရာကိုမျှ အခွင့်မပေးသင့်ပေ - ၂ကော၊၃း၁၇။ ၁၃း၅။ ဧ၊၃း၁၆-၁၉။

D. ဖိလိပ္ပိ ၁း၂၁က ရှိ ခရစ်တော်သည် ဖိလိပ္ပိ ၂း၅-၈ ၌ရှိသော ဘုရား-လူဖြစ်သည်။ ထို့ကြောင့် ခရစ်တော်ကို အသက်ရှင်ခြင်းမှာ ယေရှုခရစ်၏ ဝိညာဉ်တော် ကြွယ်ဝစွာ မစခြင်းအားဖြင့် ဘုရား-လူအသက်တာကို အသက်ရှင်ခြင်းဖြစ်သည် - ၁း၁၉။

E. ကျွန်ုပ်တို့သည် သခင်ဘုရားထံသို့ ကျွန်ုပ်တို့ကိုယ်ကို ဖွင့်ပေးခြင်း၊ ကိုယ်တော်ကို ချစ်ခြင်းနှင့် ကိုယ်တော်ထံသို့ တစ်လုံးတစ်ဝတည်းအဖြစ် ပေါင်းစည်းဆက်နွှယ်ရန် အလိုဆန္ဒရှိခြင်း ရှိသောအခါ ကိုယ်တော်အားဖြင့် ဖြည့်ခြင်း၊ ပိုင်ဆိုင်ခြင်းခံရပြီး၊ ဘုရားဇာတိ၏ဘုန်းအသရေနှင့် လူသားဇာတိ၏ကောင်းမြတ်ခြင်းများကို ရှင်ထွက်ခြင်း ရှိကြသည် - ၁ကော၊၂း၉။ ဗြး၁၇။ ဖိ၊၄း၄-၉။

© 2020 Living Stream Ministry